**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)**

**၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၇ ရက်**

**( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

" (က) အစားအသောက်ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းမှအပ လူတို့

စားသောက်နိုင်သောစားသောက်ဖွယ်ရာနှင့် ယင်းတို့တွင် ပါရှိသောပစ္စည်း သို့မဟုတ် အစားအသောက်ထပ်ဖြည့်ပစ္စည်းကို ဆိုသည်။ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီး ဌာနက ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့် ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင် သည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၈၊ ၂၂ ၊၂၄၊ ၂၅ နှင့် ၃၁ တို့တွင် ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်ခြင်း" ဆိုသည့်စကားရပ်ကို အသီးသီး ဖြည့်စွက်ရမည် ။

၄။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါအစားအသောက်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။"

၅။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(က)၌ ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့် စကားရပ်၏ နောက်တွင် " သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း" ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ခ) ၌ ပါရှိသော "သိုလှောင်သော" ဆိုသည့်စကားရပ်၏ နောက်တွင် " သယ်ယူပို့ဆောင်သော၊ ဖြန့်ဖြူးသော" ဆိုသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၆။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော " သက်ဆိုင်ရာ ဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ" ဆိုသည့်စကားရပ်ကို " သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် သက်ဆိုင်ရာစည်ပင်သာယာ ရေးကော်မတီနှင့် ညှိနှိုင်း၍လည်းကောင်း၊အခြားဒေသများတွင် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာန၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့နှင့်ညှိနှိုင်း၍လည်းကောင်း သင့်လျော်သော ဝန်ထမ်းများကို အစားအသောက် စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။"

၈။ အမျိုးသားအစားအသောက်ဥပဒေတွင် -

(က) ပုဒ်မ ၂၆ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ် တစ်သိန်းထက် မပိုသောငွေဒဏ်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၇ ၌ ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ် ငါးထောင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၌ ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၉ ၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၃၀ နှင့် ၃၁ တို့၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်း အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ (က)နှင့် (ခ)တို့၌ ပါရှိသော "ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နမိတ်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နမိတ်များ"ဆိုသည့် စကားရပ်ကို "နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့်မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ)ပုဒ်မခွဲ(ခ)၌ပါရှိသော "သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါကနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့က ဖြစ်စေ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်